


## ၁၆။ ဒဏ္ဍာရီဆန်သော ပျူစောထီး

တကောင်းပြည် သာကီဝင်မင်းဆက်မှ ပျူစောထီး ဇာတ်လမ်းစခဲ့သည်။ လေး အတတ်ကျွမ်းကျင်မှုကို ရှင်ရသေ့ထံမှ ရရှိခဲ့သည်။ ပျူအိုလင်မယားထံ စခန်းချရင်းက ပျူစောထီးဖြစ်လာသည်။ ထိုစဉ်ကပုဂံမြေတွင် ဆိုးသွမ်းလျက်ရှိသော ဝက်ကြီး၊ ကျားကြီး၊ ငှက်ကြီး၊ ရှူးပျံကြီးတို့ရန်ကို ဖြိုခွင်းအောင်နိုင်ခဲ့ရာ ပုဂံသမုဒ္ဒရာဇ်မင်း၏ သမီးတော်နှင့် ရွှေနန်းကိုပေး၏။ ပျူစောထီးက ပထမသူ့ဆရာ ရှင်ရသေ့ကို နန်းတင်၏။ ထိုမင်း လွန်မှ ပျူစောထီး နန်းတက်သည်။ ပျူစောထီး ကုသိုလ်ပြုခဲ့ရာ ဗူးဘုရား၊ ငှက်ပစ်တောင်၊ သမီးဝှက်ဥမှင် စသည်တို့ကို ဒဏ္ဍာရီဆန်သော ပျူစောထီးဇာတ်လမ်းကို ထောက်ကူပေးနေဟန်ရှိသည်။ ငှက်ပစ်တောင် အခြေပြုသာသနာပြုဂိုဏ်းကား အနော်ရထာမင်း (ခရစ် ၁၀၄၄-၁၀၇၇) လက်ထက်ထင်ရှားရှိခဲ့ကြောင်း ပညာရှင်တို့က ဆိုသည်။ ဆပဒမထေရ် သီဟိုဠ် (သီရိလင်္ကာ)သို့ ခေါ်ဆောင်သွားသော ဆရာတော်ဥတ္တရဇီဝမထေရ်သည် ငှက်ပစ်တောင်သာသနာ့ဂိုဏ်းချုပ်ဟု သိမှတ်ရလေသည်။

□

### (16) Legendary Pyusawhti

The legend of Pyusawhti originated in the chronicle of Sakya in Tagaung. Pyu Saw Hti studied archery under a hermit. As he stayed with Pyu old couple, he came to be known as Pyusawhti. As he could subdue the boar, the tiger, the bird and the flying Dragon which were rampant in the land of Bagan. The King Thamudhrit gave him not only the hand of his daughter but also the throne. But Pyusawhti made his teacher hermit be King. Only after the demise of hermit king, he succeeded throne. Bu Pagoda, Nghetpyit taung Pagoda and Thameewhet cave constructed by King Pyusawhti seemed to prove the legend of Pyusawhti to be real. It was said that there was a Buddhist Mission based in Nghetpyit taung during the reign of King Anawrahta. It was also known that the Buddhist monk taken to Srilanka by Sapada monk was the Chief abbot of Nghetpyit taung School.